ELECTION EDUCATION AND OBSERVATION PARTNERS (EEOP)
No. 35 (Fifth Floor - Right), Pyar Yay Gone Street, Pyar Yay Gone Ward, Tamwe Township (11211), Yangon, Myanmar.
**Phone/Fax:** (+95) 09-265468511, **Hotline:** (+95) 09-250079547
**Email:** contact@eeop.org, **Website:** http://www.eeop.org

# ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု ကနဦး အစီရင်ခံစာ

## ၂၀၁၇ ခုနှစ် ၊ ဧပြီလ ၃ ရက်၊ တနင်္လာနေ့ ( ထုတ်ပြန်ချက် အမှတ် ၃ /၂၀၁၇ )

၂၀၁၆ ခုနှစ် ၊ ဧပြီလ ၁ ရက် နေ့တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲသည် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲပြီးနောက် အသစ်ပြန်လည်ဖွဲ့စည်းထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ထက်တွင်ကျင်းပသော ပထမဆုံးရွေးကောက်ပွဲ ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပသည့်စုစုပေါင်း မဲဆန္ဒနယ် (၁၉) နေရာအနက် (၆) နေရာမှာ ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် လုံခြုံရေး ပြဿနာများကြောင့် ချန်လှပ်ထားခဲ့ရ၍ လစ်လပ်ခြင်း ဖြစ်ပြီး ကျန်နေရာများမှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ရာထူးများ အတွက် ခန့်အပ်ခြင်းခံထားရ၍ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခြင်းမှ ပျက်ပြယ်သွား၍ လစ်လပ်ခြင်း နှင့် ကိုယ်စားလှယ် ဆုံးပါးသွားသောကြောင့် လစ်လပ်ခြင်းဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး (၈) ခု ရှိ မြို့နယ် (၂၂) မြို့နယ်တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲသည် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ် လွှတ်တော် များ အတွက် ရွေးကောက်တင်မြှောက်ခဲ့ခြင်းဖြစ်ပါသည် ။

ခြုံငုံသုံးသပ်ချက်များအရ ကြားဖြတ်ရွေးကောက်ပွဲကို ပြဿနာတစုံတရာ ကြီးကြီးမားမားမရှိဘဲ ကျင်းပနိုင်ခဲ့ သည်။ မြို့နယ် (၂၂) မြို့နယ်တွင် ဖြန့်ကျက်နေရာချထားခဲ့သည့် EEOP စောင့်ကြည့်လေ့လာသူများမှ ရွေးကောက်ပွဲနေ့ တွင် အစီရင်ခံစာပေါင်း (၅၁၆) စောင်ကို ပေးပို့ခဲ့သည်။ ထိုအစီရင်ခံစာများအရ လုပ်ထုံး လုပ်နည်းဆိုင်ရာပြဿနာအချို့ ကို လေ့လာတွေ့ ရှိရသော်လည်း ရွေးကောက်ပွဲမှာ (၉၅%) ကောင်းမွန်သည် ဟု အကဲဖြတ်နိုင်သည်။သို့သော် ယခု လေ့လာသုံးသပ်ချက်မှာ ကနဦး အစီရင်ခံစာများကို အခြေခံထားခြင်းဖြစ်ပြီး ထပ်မံရောက်ရှိလာသောအစီရင်ခံစာများနှင့်စုပေါင်းသုံးသပ်မှုပြုလုပ်ပါကရာခိုင်နှုန်းများနှင့်လေ့လာ တွေ့ရှိမှုများ မှာ အနည်းငယ်အပြောင်းအလဲရှိနိုင်ပါသည်။

ယခုထုတ်ပြန်ချက်သည် လေ့လာစောင့်ကြည့်သူများမှ ပေးပို့လာသော အစီရင်ခံစာများ၊ တွေ့ ရှိချက်များကို အခြေခံ၍ စုစည်း သုံးသပ်ထားခြင်းဖြစ်ပါသည်။ နောက်ဆုံးရွေးကောက်ပွဲအစီရင်ခံစာ ထုတ်ပြန်သည့်အခါတွင် လည်း ယခုတွေ့ရှိချက်များကို ပြန်လည်သုံးသပ်ထည့်သွင်းသွား မည်ဖြစ်ပါသည်။ ယခု အစီရင်ခံစာသည် ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးနှင့် ရွေးကောက်ပွဲနေ့ တွေ့ရှိချက် များကို အကျဉ်းချုပ် ခြုံငုံ သုံးသပ် တင်ပြထား ခြင်း ဖြစ်ပါသည် ။

ELECTION EDUCATION AND OBSERVATION PARTNERS (EEOP)
No. 35 (Fifth Floor - Right), Pyar Yay Gone Street, Pyar Yay Gone Ward, Tamwe Township (11211), Yangon, Myanmar.
**Phone/Fax:** (+95) 09-265468511, **Hotline:** (+95) 09-250079547
**Email:** contact@eeop.org, **Website:** http://www.eeop.org

## ရွေးကောက်ပွဲလုပ်ငန်းစဉ်ကိုစောင့်ကြည့်လေ့လာခြင်း

### ဥပဒေမူဘောင်

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဥပဒေကို ပြန်လည်ပြင်ဆင်ခဲ့ပြီး ထိုဥပဒေတွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့်အချိန်ကို ၆-လ မှ တစ်နှစ်သို့ ပြင်ဆင်ခဲ့သည့်အတွက် ရွေးကောက်ပွဲဆိုင်ရာ ပြင်ဆင်မှုများအတွက် ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကို ကောင်းမွန်စွာပြင်ဆင်နိုင်ရန် အချိန်လုံလောက်စွာ ရရှိခဲ့သည်။

### ရွေးကောက်ပွဲကော်မရှင်၏ စီမံဆောင်ရွက်မှု

၂၀၁၆ ခုနှစ် မတ်လနှောင်းပိုင်းမှ စ၍ ကော်မရှင်၏ဖွဲ့ စည်းမှုတွင် အဖွဲ့စည်းပိုင်းဆိုင်ရာ အပြောင်းအလဲများကို ထည့်သွင်းခဲ့သည်။ ယင်းမှာ ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့.ခွဲများ၏ ဥက္ကဌရာထူးနှင့် ကော်မရှင်အဖွဲ့ဝင် ရာထူးများအတွက် လစ်လပ်နေရာများကို စိတ်ဝင်စားသူများလျှောက်ထားနိုင်ရန် ဖိတ်ခေါ်ခဲ့သည်။ ယင်းအပြင် မြို့နယ် ၂၀၀ ကျော်အတွက် ရွေးကောက်ပွဲအရာရှိများကို ခန့်အပ်ထားခဲ့သည်။ ထိုသို့ ဝန်ထမ်းများ တိုးချဲ့ခန့်အပ်မှုများက ရွေးကောက်ပွဲကော်မရှင်၏ ဌာနဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ သတင်းအချက် အလက် ဖြန့်ဝေခြင်းများတွင် အားကောင်းလာသည်ဟု လေ့လာတွေ့ရပြီး၊ ကော်မရှင်အဖွဲ့. ခွဲများတွင် လုပ်ပိုင်ခွင့် တစုံတရာရရှိလာသည့်အတွက် ရွေးကောက်ပွဲစီမံခန့်ခွဲမှုများတွင် ကောင်းမွန်သည့် ရလဒ်ကောင်း များ ထွက်ပေါ် စေနိုင်ပါသည်။

### ရွေးကောက်ပွဲဖြစ်စဉ်တွင် အမျိုးသမီးပါဝင်မှု

ရွေးကောက်ပွဲဖြစ်စဉ်တွင် အမျိုးသမီးပါဝင်မှုမှာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်း အနည်းငယ် တိုးတက်မှုရှိလာသည်ဟု ဆိုနိုင်သည်။ ၂၀၁၇ ခုနှစ် ၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် ရန် အမျိုးသမီး ကိုယ်စားလှယ်လောင်း ( ၁၆ ) ဦး အမည်စာရင်း ပေးသွင်းခဲ့ပြီး ယင်းမှာ စုစုပေါင်းကိုယ်စားလှယ်လောင်းဦးရေ၏ ၁၇% ရှိသည်။ ၂၀၁၅ ခုနှစ်တွင် အမျိုးသမီးပါဝင်မှုမှာ ၁၃ % သာ ရှိခဲ့ သည့် အတွက် ကိုယ်စားပြုမှုနှုန်းမှာ တိုးတက်လာသည်ဟု ဆိုနိုင်သော်လည်း အမျိုးသမီးများ၏ ကိုယ်စား လှယ်လောင်း များအနေဖြင့် ပါဝင်မှုနှုန်းမှာ လျော့နည်းနေဆဲပင်ဖြစ်သည်။

ELECTION EDUCATION AND OBSERVATION PARTNERS (EEOP)
No. 35 (Fifth Floor - Right), Pyar Yay Gone Street, Pyar Yay Gone Ward, Tamwe Township (11211), Yangon, Myanmar.
**Phone/Fax:** (+95) 09-265468511, **Hotline:** (+95) 09-250079547
**Email:** contact@eeop.org, **Website:** http://www.eeop.org

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ရန် ဦးစီးအရာရှိများ ခေါ်ယူရာတွင် (၂၂၁) ဦးအနက် (၁၇၅ ) မှာ အမျိုးသမီးအရာရှိ ( ၇၉% ) ကိုခန့်အပ်ခဲ့သည်ကိုတွေ့ရှိရသည်။ သို့ရာတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အခြားအရေးကြီးသည့် ကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်မှုမှာ နည်းပါး နေသေး သည်ကိုတွေ့ရပါသည်။ ဥပမာ- ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (၅) ဦးလုံးမှာ အမျိုးသားများဖြစ်ပြီး၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ (ဗဟို) တွင် အမျိုးသမီး (၁)ဦး သာ ပါဝင်သည်။

## မဲစာရင်း ပြုစုခြင်း၊ မဲစာရင်းကြေညာခြင်း နှင့် မဲဆန္ဒရှင်သက်သေခံလက်မှတ်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းများတိကျမှန်ကန်ပြီး မဲပေးခွင့်ရှိသူများ ပါဝင်ခွင့်ရစေရန် ကြိုးပမ်း အားထုတ်မှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ တစ်အိမ်တက်ဆင်း မဲစာရင်း ကောက်ယူခြင်း၊ မီဒီယာ မျိုးစုံသုံး၍ မဲဆန္ဒရှင်များကို တိုက်တွန်းခြင်းများ ကိုဆောင်ရွက်ခဲ့သော်လည်း မဲစာရင်းလာ ရောက်ကြည့်ရှုစစ်ဆေးသူ လွန်စွာနည်းပါးခဲ့သည်ကို လေ့လာသိရှိရသည်။ပထမအကြိမ် မဲစာရင်း ကြေညာချိန်တွင် ရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ထုတ်ပြန်ချက်အရ မဲစာရင်းလာရောက် စစ်ဆေးသူမှာ ၁၂ % ခန့်သာ ရှိခဲ့သည်။ ဒုတိယအကြိမ် မဲစာရင်းများကို ထပ်မံကြေညာချိန် (မတ်လ တတိယပတ် -စတုတ္ထပတ်) တွင်လည်း EEOP မှ ကောက်ယူခဲ့သည့် မဲဆန္ဒရှင်စစ်တမ်းများအရ မဲဆန္ဒရှင်များ၏ ၄၄% က မဲစာရင်း သွားရောက်စစ်ဆေးခြင်းမရှိဟုဖြေဆိုခဲ့သည် ကို တွေ့မြင်ရသည် ။

ရွေးကောက်ပွဲလုပ်ငန်းစဉ် လျင်မြန်ချောမွေ့စေရန် ရည်ရွယ်၍လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မတ်လ ၁၇ ရက်နေ့မှ စတင်ပြီး မဲဆန္ဒရှင်သက်သေခံ လက်မှတ်များကို လာရောက်ထုတ်ယူရန် နှိုးဆော်ခဲ့သည်။ သို့သော် မဲဆန္ဒရှင်များမှ ကိုယ်တိုင်လာရောက် မဲစာရင်းစစ်ဆေးရန်၊ သက်သေခံ ထုတ်ယူရန် လိုအပ်သောကြောင့် ၎င်းတို့အပေါ် ဝန်ထုတ်ဝန်ပိုးများ ဖြစ်စေပြီး၊ မဲဆန္ဒရှင်အများစုမှာ သက်သေခံလက်မှတ်များ လာရောက်ထုတ်ယူနိုင်ခြင်း မရှိသည်ကိုတွေ့ရသည်။ အဆိုပါ မဲဆန္ဒရှင် သက်သေခံလက်မှတ်များက မဲဆန္ဒရှင် အစစ်အမှန် ဟုတ်/မဟုတ် စစ်ဆေးသိရှိနိုင်ခြင်း မရှိ၍ မဲပေးသည့်နေ့ တွင် အခက်အခဲအချို့ ဖြစ်ပေါ်ခဲ့ပြီး၊ မဲဆန္ဒရှင်သက်သေခံ လက်မှတ်နှင့် ပတ်သတ်ပြီး ကိုယ်စားမဲလာရောက်ပေးမှု တချို့ပေါ်ပေါက်ခဲ့သည်ကို တွေ့ရသည်။

ELECTION EDUCATION AND OBSERVATION PARTNERS (EEOP)
No. 35 (Fifth Floor - Right), Pyar Yay Gone Street, Pyar Yay Gone Ward, Tamwe Township (11211), Yangon, Myanmar.
**Phone/Fax:** (+95) 09-265468511, **Hotline:** (+95) 09-250079547
**Email:** contact@eeop.org, **Website:** http://www.eeop.org

## ကြိုတင်မဲပေးခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ ကြိုတင်မဲပေးနိုင်ရန် နိုင်ငံတကာရှိ မြန်မာသံရုံးများသို့ ကြိုတင်လက်မှတ်များပေးပို့ခြင်းကို ဇန်နဝါရီလတွင်ဆောင်ရွက်ခဲ့ပြီး ကြိုတင်မဲပေးခြင်း ဆိုင်ရာ လုပ်ငန်းလမ်းညွှန်ကို ထုတ်ဝေခဲ့သည်။ ကြိုတင်မဲပေးရန်စာရင်းသွင်းသူဦးရေ ၃၅၇ ဦးအနက် နေရပ်ပြောင်းရွှေ့ခြင်း ၊ လွှတ်တော်မဲဆန္ဒနယ်အမှတ် မှားယွင်းလျှောက်ထားခြင်း နှင့် မဲစာရင်းတွင် မဲစာရင်းတွင် မပါဝင်သူ ၁၈ ဦးရှိခြင်းကြောင့် ၃၃၉ ဦးသာ ပြည်ပမှ ကြိုတင်မဲပေးနိုင်ခဲ့သည်။ ထို့ပြင် ပြည်ပ ရောက် ကြိုတင်မဲနှင့်ပတ်သက်ပြီး ပြည်ပရောက်မဲဆန္ဒရှင်များအနေဖြင့် လည်း သိရှိမှုနည်းပါးခဲ့သည် ကို စစ်တမ်းများအရ တွေ့ရှိရပါသည် ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြည်တွင်းရှိမဲဆန္ဒနယ်ပြင်ပရောက်မဲဆန္ဒရှင်များ ကြိုတင်မဲပေး ခြင်းဖြင့်စပ်လျဉ်းပြီး ထုတ်ပြန်ကြေညာချက်များ ပြုလုပ်ခဲ့သော်လည်း မဲဆန္ဒရှင်တချို့မှာ ကြိုတင်မဲ နှင့် ပတ်သက်ပြီး တိကျသည့် အချိန်စာရင်းနှင့်လုပ်ငန်းဆောင်ရွက်ပုံများကို သိရှိနားလည်မှု အားနည်းနေဆဲ ဖြစ် သည်။

ပြည်ပသို့ ကြိုတင်မဲလက်မှတ်များ ပေးပို့ခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီးစောင့်ကြည့်ရန် ပြည်တွင်းပြည်ပ စောင့်ကြည့်လေ့လာ သူများကို ဖိတ်ခေါ် ခဲ့သော်လည်း ပြည်တွင်းရှိ ကြိုတင်မဲကောက်ယူခြင်း လုပ်ငန်းများတွင်မူ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အသီးသီး မှ စောင့်ကြည့်လေ့လာသူများကို ဖိတ်ခေါ်မှုများနည်းပါးခဲ့သည်။

## မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများ

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့်အရပ်ဖက် အဖွဲ့အစည်းများအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် သတင်း အချက်အလက်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်ကိုတွေ့ရသည် ။ သို့ရာတွင် လမ်းပန်းဆက်သွယ် ရေး ခက်ခဲသော ကျေးလက်များ နှင့် တိုင်းရင်းသား ဒေသများတွင် ပညာပေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်ရန် လိုအပ်နေဆဲ ဖြစ်သည်။ ရွှေ့ပြောင်းနေထိုင်သူများနှင့် ရွှေ့ပြောင်းလုပ်သားများ အနေဖြင့် ဥပဒေပိုင်းဆိုင်ရာအရ မိမိသည်မဲပေးခွင့်ရှိသူ ဟုတ်/ မဟုတ် သေချာစွာသိရှိမှု နည်းပါး နေသည်ကိုတွေ့ရသည်။ ၂၀၁၅ခုနှစ် အထွေထွေ ရွေး ကောက်ပွဲနှင့်နှိုင်း ယှဉ်လျှင် မဲဆန္ဒရှင်များ ၏ စိတ်ပါဝင်စားမှုမှာ လျော့နည်းနေသည်ကိုတွေ့ရသည်။

ELECTION EDUCATION AND OBSERVATION PARTNERS (EEOP)
No. 35 (Fifth Floor - Right), Pyar Yay Gone Street, Pyar Yay Gone Ward, Tamwe Township (11211), Yangon, Myanmar.
**Phone/Fax:** (+95) 09-265468511, **Hotline:** (+95) 09-250079547
**Email:** contact@eeop.org, **Website:** http://www.eeop.org

## မဲဆွယ်စည်းရုံးခြင်းနှင့် မဲဆွယ်စည်းရုံးမှုဆိုင်ရာ ပတ်ဝန်းကျင်အနေအထား

မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများ နည်းပါးသည်ကိုတွေ့ရပြီး ပါတီကြီးများ ၏ မဲဆွယ်လှုပ်ရှားမှုများမှာ ရွေးကောက်ပွဲ ကာလ နောက်ဆုံးပတ်တွင် အရှိန်မြင့်လာခဲ့သည်။ ကိုယ်စားလှယ်လောင်းအများစုမှာ တစ်အိမ်တက်ဆင်း (Door To Door) စည်းရုံးခြင်းနှင့် ပိုစတာချိတ်ဆွဲခြင်းများကို အဓိကပြုလုပ်ကြ သည်ကို တွေ့ရသည်။ ကိုယ်စားလှယ်လောင်းအချို့ကသာ လူမှုမီဒီယာကို အသုံးပြုပြီး မဲဆွယ်စည်းရုံးသည်ကို တွေ့ရသည်။ ကိုယ်စားလှယ်လောင်းများအနေဖြင့် နိုင်ငံရေး ပါတီများ၏ ကျင့်ဝတ် ( Code Of Conduct) ကို အများစုက လိုက်နာသည်ကို တွေ့ရှိရပါသည်။ မဲဆွယ်စည်းရုံးသည့် ကာလအများစုမှာ တည်ငြိမ်အေးချမ်းသော်လည်း၊ ကိုယ်စားလှယ် လောင်းများ၏ ဗီနိုင်းပိုစတာများ ဖျက်စီးခံရခြင်း ကဲ့သို့သော ကိစ္စရပ်အချို့ရှိခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခွင့်နှင့် ရပ်နားထားရမည့် နေ့ရက်နှင့်အချိန်ကို ကော်မရှင် Website မှတဆင့် ကြေညာ ပေးခဲ့သော်လည်း အချို့သော EEOP နှင့်ဆက်သွယ်ခဲ့သည့် ကိုယ်စားလှယ်လောင်းများမှာ ဗီနိုင်းပိုစတာများ ဖြုတ်သိမ်းရ မည့်ရက်စွဲ နှင့် ပတ်သက်ပြီး အတိအကျသိရှိခြင်း မရှိသည်ကိုတွေ့ရသည်။

## မဲရုံဖွင့်ခြင်း လုပ်ငန်းစဉ်

ရွေးကောက်ပွဲနေ့သည် တည်ငြိမ်အေးချမ်းစွာစတင်ခဲ့ပြီး EEOP စောင့်ကြည့်လေ့လာသူများက မဲရုံဖွင့်ခြင်း လုပ်ငန်းစဉ်အား စောင့်ကြည့်လေ့လာခဲ့သော မဲရုံ (၁၁၅) ရုံတွင် ထူးခြားသော ပြဿနာများမတွေ့ခဲ့ရပါ။ စောင့်ကြည့် လေ့လာသူ ၉၆%က မဲရုံဖွင့်ခြင်းလုပ်ငန်း စဉ်ကို ကောင်းမွန်မှုရှိသည်ဟု အကဲဖြတ်သည်။ မဲရုံမဖွင့်မီအချိန်တွင် မဲရုံ၊ မဲရုံဝန်ထမ်းများနှင့် မဲရုံသုံးစွည်းများမှာ အသင့် အနေထားရှိခဲ့သည်။ အဖွင့်လုပ်ငန်းစဉ်အား စောင့်ကြည့်ခဲ့သော မဲရုံ ၇၇% တွင် ပါတီကိုယ်စားလှယ်များကို တွေ့ရှိပြီး အများစုမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ တို့မှ ဖြစ်ကြသည်။ အခြားသော စောင့်ကြည့်လေ့လာရေး အဖွဲ့များကို စောင့်ကြည့်လေ့လာခဲ့သော မဲရုံ ၇၃% တွင်မြင်တွေ့ခဲ့သည်။

စောင့်ကြည့်လေ့လာခဲ့သော မဲရုံများအားလုံး သတ်မှတ်ထားသော အချိန်တွင်ဖွင့်ခဲ့ကြသည်။ အချို့ မဲရုံများ(၁၄%) တွင် ကြိုတင်မဲ ပေးထားပြီးဖြစ်သည့် မဲဆန္ဒရှင်စာရင်း ပုံစံ ၁၃ ကပ်မထားကြောင်း စောင့်ကြည့်လေ့လာမှုအရ သိရသည်။ ကနဦးတွင် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး မိတ်ဖက်အဖွဲ့များမှ စောင့်ကြည့်လေလာသူအချို့ မဲရုံသို့ ဝင်ရောက်ခွင့်ကို ငြင်းပယ်ခံရသည်။ သို့သော် ဝင်ရောက်ခွင့်ကို လျင်လျင်မြန်မြန် ပြန်လည် ရရှိခဲ့သည်။

ELECTION EDUCATION AND OBSERVATION PARTNERS (EEOP)
No. 35 (Fifth Floor - Right), Pyar Yay Gone Street, Pyar Yay Gone Ward, Tamwe Township (11211), Yangon, Myanmar.
**Phone/Fax:** (+95) 09-265468511, **Hotline:** (+95) 09-250079547
**Email:** contact@eeop.org, **Website:** http://www.eeop.org

မဲရုံအရာရှိများသည် မဲရုံအဖွင့်ကို ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ခဲ့ပြီး သူတို့၏ လုပ်ဆောင်မှုသည် ရွေးကောက်ပွဲကော်မရှင်၏ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်ဟု စောင့်ကြည့်လေ့လာသူ အားလုံး၏ သုံးပုံနှစ်ပုံက အကဲဖြတ်သည်။

## မဲပေးခြင်းဖြစ်စဉ်

EEOP မှ လေ့လာသူများအနေဖြင့် မဲပေးခြင်းဖြစ်စဉ်ကို လေ့လာရာတွင် ၉၆% မှာ ကောင်းမွန်သည်ဟု ဖြေဆိုသည်။ စောင့်ကြည့်သူများအနေဖြင့် မဲပေးသူ ရာခိုင်နှုန်း ကို လေ့လာရာတွင်၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကဲ့သို့ မဲပေးသူ % မြင့်မားခြင်းမရှိသည်ကိုတွေ့ရသည်။ မဲပေးသူ % နည်းပါသွားသော်လည်း ၁၄% သောမဲရုံများမှာ နေရာကျဉ်းကျပ်ခြင်းနှင့် အချို့အချိန်များတွင် မဲပေးသူများနှင့် ပြည့်ကျပ်နေခြင်း များလည်းရှိခဲ့သည်ကိုတွေ့ ရသည်။ ၉%သော မဲရုံများတွင် ခင်းကျင်းထားမှုမှာ မဲဆန္ဒရှင်များအတွက် လျို့ဝှက်မဲပေးနိုင်ရန် အခက်အခဲအချို့ရှိသည်ကို တွေ့ရသည်။ EEOPလေ့လာသူများက ၃၁% သောမဲရုံများမှာ မသန်စွမ်းသူများအတွက် လွယ်ကူစွာသွားရောက်နိုင်သော နေရာများမဟုတ်ကြောင်း အစီရင်ခံ ကြသည်။

မဲပေးချိန်များအတွင်း ပါတီများမှ မဲရုံကိုယ်စားလှယ်များ ၉၄% ခန့်ရှိသည်ကိုတွေ့ရသည်။ အခြားသော ရွေးကောက်ပွဲ စောင့်ကြည့်ရေးအဖွဲ့များကိုလည်း EEOP လေ့လာသူများသွားရောက်ခဲ့သော မဲရုံ ၆၀% တွင်တွေ့ရသည်ဟု အစီရင်ခံပါသည်။ လေ့လာသည့်မဲရုံများအနက် အချို့မှာမဲဆန္ဒရှင်များ၏ လက်သန်းများ တွင် မှင်စွတ်ခြင်းများ ပြုလုပ်ခြင်း မရှိသည်ကို တွေ့ရသည်။

လေ့လာစောင့်ကြည့်ခဲ့သည့် မဲရုံများ၏ ၉၇ - ၉၈% တွင် မဲဆန္ဒရှင်သက်သေခံကဒ်ပြာများစစ်ဆေးခြင်း၊ မဲဆန္ဒရှင်များ ကို မဲလက်မှတ်ရရှိပြီးကြောင်း မဲစာရင်းတွင်လက်မှတ်ထိုးခိုင်းခြင်း၊ မဲပေးပြီးနောက် မှင်တို့ခြင်း စသည့် အခြားသော လုပ်ဆောင်ချက်များ ကို ပုံမှန်လုပ်ဆောင်သည်ကို တွေ့ရသည်။ ခြုံငုံအကဲဖြတ်ရလျှင် မဲပေးခြင်းဖြစ်စဉ် တခုလုံး သည် ပွင့်လင်းမြင်သာမှုရှိသည်ကို တွေ့ရပြီးလေ့လာစောင့်ကြည့်သူများ၏ ၉၅% က ၄င်းတို့သည်မဲပေးခြင်းဖြစ်စဉ်ကိုအဟန့်အတားမရှိ လေ့လာစောင့်ကြည့်နိုင်ပြီး မဲရုံတာဝန်ကျ ဝန်ထမ်းများမှ လည်း၄င်းတို့နှင့် ပူးပေါင်းလုပ်ဆောင်သည်ဟု အစီရင်ခံပါသည် ။

## မဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်းဖြစ်စဉ်

မဲရုံအားလုံးနီးပါး ညနေ(၄)နာရီတွင်ပိတ်သိမ်းခဲ့ပြီး မဲပေးရန်ကျန်နေသူများကို မဲပေးခွင့်ပြုခဲ့သည်။ ၉၅%သော လေ့လာစောင့်ကြည့်သူများက မဲရုံတာဝန်ခံများသည် ဘက်လိုက်မှုမရှိဟု ပြောဆိုကြပြီး မဲရုံပိတ်ခြင်းနှင့်

မဲရေတွက်ခြင်းလုပ်ငန်းစဉ်မှာ ပွင့်လင်းမြင်သာ မှုရှိသည်ဟု ဖြေဆိုကြသည်။ မဲရေတွက်ခြင်းဖြစ်စဉ်တွင် မဲရုံအများစုမှာ လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်း မရှိဟု ဖြေဆိုကြသည်။

၁၁% သော လေ့လာသူများက ကိုယ်စားလှယ်လောင်းများ၏ မဲရလဒ်ဇယား (ပုံစံ ၁၆) ကိုကြေညာ ပေးခြင်းမရှိဟုဆိုပါသည်။ မဲရုံများတွင် မဲရုံကိုယ်စားလှယ်များ (၉၈%) ခန့်ရှိသည်ဟု ဖြေဆိုကြပြီး ၄င်းသည် မဲရေတွက်ခြင်းဖြစ်စဉ် ပွင့်လင်းမြင်သာမှုရှိစေရန် များစွာအထောက်အကူဖြစ်သည်ဟု ဆိုကြသည်။ EEOP မှလေ့လာသူများက နိုင်ငံတကာနှင့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့် သူများကို မဲရုံများ၏ ၈၀%တွင် တွေ့ရသည်ဟုဆိုပါသည်။ ၃ % သောရွေးကောက်ပွဲစောင့်ကြည့်သူများက သာ မဲရေတွက်ခြင်းဖြစ်စဉ်တွင် သြဇာလွှမ်းမိုးခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း အနည်းငယ် ရှိခဲ့သည်ဟု ဆိုပါသည်။

ဆန္ဒမဲလက်မှတ်များအား ခိုင်လုံမဲ၊ ပယ်မဲ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ၉၉% သော စောင့်ကြည့်လေ့လာသူများက အဆင်ပြေမှုရှိသည်ဟု သတင်းပို့ခဲ့သည်။ စောင့်ကြည့်လေ့လာခဲ့သော မဲရုံအားလုံးတွင် မဲရုံတွင်းရှိသူများကို မဲရုံတာဝန်ရှိသူများက ဆန္ဒမဲလက်မှတ်များကို ပြသ၍ရေတွက်ခဲ့ပြီး မဲရုံတစ်ရုံမှလွဲ၍ ကျန်မဲရုံးများတွင် ပါတီကိုယ်စား လှယ်များနှင့် ကိုယ်စားလှယ်လောင်းများကို မဲလက်မှတ်များအား ကြည့်ရှု စစ်ဆေးခွင့်ပေးခဲ့သည်။

## စောင့်ကြည့်လေ့လာသည့်နည်းစနစ်

မြန်မာနိုင်ငံအနှံ့အပြားမှ အရပ်ဖက်အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသော ရွေးကောက်ပွဲပညာပေးရေးနှင့် လေ့လာစောင့်ကြည့် ရေးမိတ်ဖက်များအဖွဲ့ (EEOP) သည် ၂၀၁၇ခုနှစ်၊ ဧပြီလ(၁) ရက်နေ့တွင်ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲကိုလေ့လာစောင့်ကြည့်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင်လေ့လာ စောင့်ကြည့် ခွင့် မှတ်ပုံတင်ခဲ့ပြီး လေ့လာသူ ၂၂၀ ဦးတို့ဖြင့် ကြားဖြတ်ရွေးကောက်ပွဲကို စောင့်ကြည့် လေ့လာခဲ့ပါသည်။

မဲဆန္ဒနယ်အသီးသီးမှစောင့်ကြည့်လေ့လာသူ များသည် မဲရုံဖွင့်ချိန်တွင် တစ်ကြိမ်၊ မဲပေးစဉ်တစ်ကြိမ်၊ မဲရေတွက်စဉ်တစ်ကြိမ် တွေ့ရှိချက်များကို ဖုန်းများဖြင့်ဆက်သွယ် အစီရင်ခံ တင်ပြခဲ့ကြသည်။ ယင်းသို့ တင်ပြရာတွင် အချို့မှာ စောင့်ကြည့်လေ့လာသည့် ပုံစံများကို ဖြည့်သွင်း၍ တင်ပြပြီး အချို့မှာ ကာတာစင်တာမှ ဖန်တီးထားသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာ သုံးသပ်ဆန်းစစ်သည့် ELMO software ကိုသုံး၍တင်ပြခဲ့သည်။ အချို့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုအစီရင်ခံစာများမှာလည်း Viber, Facebook Messenger, email or SMS ကဲ့သို့ သော မီဒီယာများမှတဆင့် အချိန်မီရရန် တင်ပြခဲ့သည်။ EEOP ရုံးချုပ်မှလည်း

ELECTION EDUCATION AND OBSERVATION PARTNERS (EEOP)
No. 35 (Fifth Floor - Right), Pyar Yay Gone Street, Pyar Yay Gone Ward, Tamwe Township (11211), Yangon, Myanmar.
**Phone/Fax:** (+95) 09-265468511, **Hotline:** (+95) 09-250079547
**Email:** contact@eeop.org, **Website:** http://www.eeop.org

စောင့်ကြည့်လေ့လာသူများထံသို့ ဖုန်းများဆက်သွယ်ခေါ်ဆို၍ အချိန်နှင့်အညီ သတင်းအချက်အလက်များ အစီရင်ခံစာများကို ရယူခဲ့ပါသည်။

**ရွေးကောက်ပွဲပညာပေးရေးနှင့်လေ့လာစောင့်ကြည့်ရေးမိတ်ဖက်များ အဖွဲ့နောက်ခံသမိုင်းကြောင်း (EEOP)**

ရွေးကောက်ပွဲပညာပေးရေးနှင့်လေ့လာစောင့်ကြည့်ရေးမိတ်ဖက်များ (Election Education & Observation Partners – EEOP) အဖွဲ့သည် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ သီးခြားလွတ်လပ်သောအရပ်ဖက် အဖွဲ့အစည်း အသီးသီးဖြင့်ပူးပေါင်းပါဝင်ဖွဲ့စည်းထားသည့်အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်ပါသည်။နိုင်ငံ၏ပြုပြင်ပြောင်း လဲရေး အတွက် အရေးပါသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ဦးတည်ဆောင်ရွက်လျှက်ရှိသော အဖွဲ့ဖြစ်ပါသည်။

EEOP အဖွဲ့တွင် ပါဝင်သော အဖွဲ့အစည်းများသည် ရွေးကောက်ပွဲကာလမတိုင်ခင် အစောပိုင်းကာလများ မှစ၍ ပြည်သူ့နီတိပညာရေးနှင့် မဲဆန္ဒရှင်ပညာပေး သင်တန်းများကို နိုင်ငံအနှံ့ပို့ချပေးခဲ့သည့်အပြင် မဲဆန္ဒရှင်စာရင်းသွင်းခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကာလများကိုလည်း စောင့်ကြည့်လေ့လာခဲ့ပါသည်။ ၂၀၁၂ ခုနှစ်မှ စတင်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နှင့် လုပ်ငန်းများ ချိတ်ဆက်လုပ်ဆောင်လျှက်ရှိပြီး ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် တနိုင်ငံလုံးစောင့်ကြည့်လေ့လာသူ (၁၅၀၀) ဖြင့် ရွေးကောက်ပွဲကို လေ့လာစောင့်ကြည့်ခဲ့ပါသည်။

**ကျေးဇူးတင်ရှိခြင်း**

(၂၀၁၇) ကြားဖြတ်ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာရာတွင် EEOP အဖွဲ့ ကို အထောက်အပံ့နှင့် အကြံဉာဏ်များ လိုက်လှဲစွာ ပံ့ပိုးကူညီပေးသည့် The Carter Center အဖွဲ့ အား ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ ထို့ အပြင် EEOP အဖွဲ့ မှ စောင့်ကြည့်လေ့လာသူများအား လေ့ကျင့်သင်ကြားပေးမှုများတွင် တစိတ်တပိုင်းအားဖြင့် ပံ့ပိုးကူညီပေးခဲ့သည့် Asia Network for Free Elections – ANFREL အဖွဲ့ အားကျေးဇူးတင်ရှိလိုပါသည်။ EEOP အဖွဲ့ ရှိ နယ်မြေဒေသအသီးသီးမှ စောင့်ကြည့်လေ့လာသူများ၊ စေတနာ့ဝန်ထမ်းများ အားလုံးကိုလည်း အသိအမှတ်ပြု၊ ကျေးဇူးတင်ရှိပါသည်။

**ဆက်သွယ်ရန် -**

ပြည့်ဖြိုးအောင် - 09250079547 ( new.myanmar.foundation@gmail.com )

အမှတ်(၃၅)၊ ၅ လွှာ ပျားရည်ကုန်းလမ်း တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။

www.eeop.org , contact@eeop.org

ELECTION EDUCATION AND OBSERVATION PARTNERS (EEOP)
No. 35 (Fifth Floor - Right), Pyar Yay Gone Street, Pyar Yay Gone Ward, Tamwe Township (11211), Yangon, Myanmar.
**Phone/Fax:** (+95) 09-265468511, **Hotline:** (+95) 09-250079547
**Email:** contact@eeop.org, **Website:** http://www.eeop.org